ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေတိုက်ဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀၀-၂၀၀၀-၂၂၆၀၀၀၀) ရာထူး (၂၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။ ရွေးချယ်ခြင်းခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပညာအရည်အချင်းသတ်မှတ်ချက်မှာ-

(၁) စီးပွားရေးတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ

B.Com, B.Act, B.B.A, B.Econ(Stats), B.Econ(Eco), B.P.A, B.Dev.S

(၂) ကွန်ပျူတာတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ

B.C.Sc, B.C.Tech

(၃) ဥပဒေဘွဲ့

LLB

(၄) သင်္ချာဘွဲ့

B.Sc (Maths)

(၅) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ရရှိသည့်ဘွဲ့များ

B.BSc (Social Enterprises Management), B.BSc (Regional Development), B.BSc (Accounting & Finance), B.BSc (Marketing Management), B.BSc (Applied Statistics)

(၆) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ရရှိသည့်ဘွဲ့များ

BBM, BA (EPP)

(၇) လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) ရရှိပြီးသူများ

(ဂ) ၁-၈-၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အထက်ပါဘွဲ့များအပြင် B.A (Eco)/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့နှင့် DA ရရှိပြီး ၁-၈-၂၀၂၅ ရက်နေ့တွင် အသက် (၃၅) နှစ် မကျော်လွန်သူများ လျှောက်ထားနိုင်ပါသည်။

(င) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့်ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းအား ထပ်မံဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြေညာပါမည်။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်၊ MD-012683 သို့ ငွေစာရင်းခေါင်းစဉ် ၇။ ဘဏ္ဍာရေး ၊ ၁၂။ ငွေတိုက်ဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ" ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း" ဟု ဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် fax ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၅။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ် (အသက်)

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့်လိပ်စာ

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၆။ လျှောက်လွှာနှင့်အတူ-

(က) ဝင်ကြေးပေးသွင်းချလန်မူရင်း

(ခ) ဘွဲ့လက်မှတ်မိတ္တူ

(ဂ) ရရှိသည့်ဘွဲ့၏ အမှတ်စာရင်းမိတ္တူ

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ၁-၈-၂၀၂၅ ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဆ) (၁" × ၁.၅") ရောင်စုံဓါတ်ပုံ (၂) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးရန်)

၇။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပြီး ဤဝန်ကြီးဌာန၏ Website (www.mopf.gov.mm) နှင့် ဤဦးစီးဌာန၏ Website (www.treasury.gov.mm) တွင် download ရယူ၍ လျှောက်ထားနိုင်သည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်" သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ သော်လည်းကောင်း ငွေတိုက်ဦးစီးဌာနသို့ ၃၀-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိသည့် လျှောက်လွှာကို ဤဦးစီးဌာနသို့ ၁၅-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူ (၁) စောင်ကို ၃၀-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၁၀။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျမှ ငွေသွင်းသူများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ် သိရှိလိုပါက ငွေတိုက်ဦးစီးဌာန၊ စီမံရေးရာဌာနစု ဖုန်းအမှတ် ၀၉-၄၃၀၄၆၁၂၅ ၊ ၀၉-၂၅၀၂၃၇၆၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။